အကြောင်းအရာ။ အလုပ်သမားများ သက်သာချောင်ချိရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ Shin Than Thu Public Co., Ltd. အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ယခုအဆိုပြုတင်ပြသည့် မီးပုံးပျံစီး၍ ရှုခင်းများ ပြသခြင်းလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အတည်ပြုချက် လျှောက်ထားတင်ပြရခြင်းဖြစ်ပါသည်။ ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် အောက်ဖော်ပြပါ ကဏ္ဍများအလိုက် အလုပ်သမားများ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင်သာယာရေးတို့အတွက် စီစဉ်ဆောင်ရွက် ထားရှိပါကြောင်း တင်ပြအပ်ပါသည်။

(က) ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း။

(ခ) ဝန်ထမ်းများအနေဖြင့် အလုပ်ချိန်ပိုမိုဆင်းရပါက ထိုက်သင့်သော ဆုကြေးပေးခြင်း။

(ဂ) ဝန်ထမ်းများအတွက် ကြို/ ပို့ ဖယ်ရီကားများစီစဉ်ပေးခြင်း

လျှောက်ထားသူလက်မှတ်

အမည် ဦးမျိုးမင်းဦး

ရာထူး ဒါရိုက်တာ

ဌာန/ကုမ္ပဏီတံဆိပ် ရှင်သန်သူအများပိုင်ကုမ္ပဏီလီမိတက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ၁၀၅၈ / ၂၀၁၆–၂၀၁၇ (နပတ)

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ရှင်သန်သူအများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက် အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက် ကုမ္ပဏီအဖြစ် ၂၀၁၆ ခုနှစ် စက်တင်ဘာ လ ၁၄ ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးမင်း၊ ညွှန်ကြားရေးမှူး)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. 1058 of 2016-2017 (NPW)

I hereby certify that SHIN THAN THU PUBLIC COMPANY LIMITED is this day incorporated under the Myanmar Companies Act and that the company is Limited.

Given under my hand at Nay Pyi Taw this FOURTEENTH day of SEPTEMBER, TWO THOUSAND AND SIXTEEN.

For Director General
(Myo Min , Director)
Directorate of Investment and Company Administration

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်

အမှတ် ......၁၉......../၂၀၁၆ - ၂၀၁၇

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ၂၀၁၆..ခုနှစ်၊...စက်တင်ဘာ...လ၊..၁၄..ရက်နေ့တွင် မှတ်ပုံတင်ပြီးဖြစ်သော ..ရှင်သန်သူ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်..........သည် ယင်းအက်ဥပဒေပုဒ်မ-၁၀၃၊ ပုဒ်မခွဲ(၁)၏ အပိုင်းငယ်(က)မှ(ဃ)အထိ ပြဋ္ဌာန်းချက်များကို လိုက်နာပြီးစီးကြောင်း၊ သတ်မှတ်ထားသောပုံစံဖြင့်အတည်ပြုကြေငြာချက်ကိုတင်ပြလာသဖြင့် ယင်းကုမ္ပဏီအား လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်ကို ၂၀၁၇...နှစ်၊ ဇန်နဝါရီ......လ၊ ၉......ရက်နေ့တွင် ထုတ်ပေးလိုက်သည်။

(အောင်နိုင်ဦး)
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF PLANNING AND FINANCE

CERTIFICATE FOR COMMENCEMENT OF BUSINESS

NO. ....19................. of 2016 - 2017

I hereby certify that the .....SHIN THAN THU PUBLIC COMPANY LIMITED............ which was incorporated under the Myanmar Companies Act, on the FOURTEENTH day of ...SEPTEMBER, 2016..........., which has this day filed a duly verified declaration in the prescribed form that the conditions of Section 103 (1)(a) to (d) of the said Act have been complied with, is entitled to commence business.

Given under my hand at......YANGON............... this...NINTH....................day of ....JANUARY, 2017...........................

(AUNG NAING OO)
Director General
Directorate of Investment and Company Administration

မှတ်ချက်။ ၁။ ဤကုမ္ပဏီ မှတ်ပုံတင် လက်မှတ်သည် မှတ်ပုံတင်ရက်စွဲ (၁၄-၉-၂၀၁၆) မှ (၁၃-၉-၂၀၂၁) ရက်နေ့အထိ(၅)နှစ်သက်တမ်းအတွက်သာဖြစ်သည်။သက်တမ်းမကုန်ဆုံးမီ (၃)လ အလိုတွင် သက်တမ်းတိုးရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂။ ကုမ္ပဏီအနေဖြင့် သင်းဖွဲ့မှတ်တမ်းတွင် အဆိုပြု တင်ပြထားသော လုပ်ငန်းရည်ရွယ်ချက်များကိုသာ လုပ်ကိုင်ရမည်။

၃။ သင်းဖွဲ့မှတ်တမ်းပါ ရည်ရွယ်ချက်များသည် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ခွင့်ရှိမည် ဖြစ်ပါသည်။

၄။ လုပ်ငန်း ရည်ရွယ်ချက် ပြောင်းလဲ လုပ်ကိုင်လိုပါက ပြောင်းလဲ လုပ်ကိုင်လိုသည့် လုပ်ငန်းရည်ရွယ်ချက်များအား သင်းဖွဲ့မှတ်တမ်းတွင် ပြင်ဆင် မှတ်ပုံတင်ရန်အတွက် ဒါရိုက်တာအဖွဲ့ BOD ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထားရမည်။

လာရောက်ထုတ်ယူသည့်ရက်စွဲ-
၁၄-၉-၂၀၁၆

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးမင်း၊ညွှန်ကြားရေးမှူး)

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ

အစုရှယ်ယာများဖြင့် တာဝန်ကန့်သတ်ထားသည့်

အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်

ရှင်သန်သူ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

နှင့်

သင်းဖွဲ့စည်းမျဉ်းများ

SHIN THAN THU PUBLIC COMPANY LIMITED

၅။ ကုမ္ပဏီကိုတည်ထောင်ရသော ရည်ရွယ်ချက်များမှာ-

(၁) လယ်ယာကိုင်းကျွန်းနှင့် ဥယာဉ်ခြံမြေထွက်ကုန်ပစ္စည်းများရောင်းဝယ်ခြင်း
(၂) သစ်တောထွက်ပစ္စည်းနှင့် ထပ်ဆင့်တိုးတန်ဖိုးမြင့် သစ်အခြေခံ ကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၃) တိရစ္ဆာန်ထွက် ကုန်ပစ္စည်းနှင့် တိရစ္ဆာန်အစားအစာရောင်းဝယ်ခြင်း
(၄) ရေထွက်ကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၅) ဓါတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ၊ရောင်းဝယ်ခြင်း
(၆) ဓာတုဗေဒနှင့် ဓာတ်ဆေးဆိုးဆေးများ၊ရောင်းဝယ်ခြင်း
(၇) စက်ရုံသုံးပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၈) အိမ်သုံးကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၉) လူသုံးကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၀) ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် သုတ်ဆေးများရောင်းဝယ်ခြင်း
(၁၁) လျှပ်စစ်နှင့်အီလက်ထရောနစ် ကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၂) ယာဉ်နှင့်စက်ကိရိယာနှင့် အပိုပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၃) ကိရိယာတန်ဆာပလာအမျိုးမျိုး၊ရောင်းဝယ်ခြင်း
(၁၄) ဆေးနှင့်ဆေးပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၅) စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၆) အထည်အလိပ်နှင့် အဝတ်အထည်များ၊ရောင်းဝယ်ခြင်း
(၁၇) စက္ကူ၊ စာရေးကိရိယာနှင့် ဓာတ်ပုံပစ္စည်းများ၊ရောင်းဝယ်ခြင်း
(၁၈) ရုံးသုံးပစ္စည်းများနှင့် ပညာရေးအထောက်အကူ ရောင်းဝယ်ခြင်းပစ္စည်းများ၊
(၁၉) အေဂျင်စီလုပ်ငန်းအမျိုးမျိုး၊ ကျွမ်းကျင်မှုအတိုင်ပင်ခံများ၊ လုပ်ငန်းအတိုင်ပင်ခံများ၊ အုပ်ချုပ်မှု အတိုင်ပင်ခံများနှင့် အကြံပေး ဝန်ဆောင်မှုလုပ်ငန်းများ၊
(၂၀) ကြော်ငြာနှင့် ကြော်ငြာ ကိုယ်စားလှယ် လုပ်ငန်းများ၊
(၂၁) ဖျော်ဖြေရေးလုပ်ငန်းနှင့် ယင်းနှင့် ပတ်သက်သည့် လုပ်ငန်းများ
(၂၂) ဆေးဝန်ဆောင်မှု လုပ်ငန်းအမျိုးမျိုး၊
(၂၃) သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ (မီးရထားနှင့် လေကြောင်းမှအပ)
(၂၄) ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်း၊
(၂၅) တိုင်းတာရေးနှင့် စစ်ဆေးရေး လုပ်ငန်း၊
(၂၆) စီမံကိန်းသစ်များ၌ ဖြစ်မြောက်နိုင်စွမ်း ရှိမရှိ လေ့လာခြင်း၊ စီမံကိန်းပုံစံများချမှတ်ခြင်း၊ စီမံကိန်း ကုန်ကျစရိတ်ခန့်မှန်းခြင်းနှင့် တန်ဖိုးတွက်ချက်ခြင်း လုပ်ငန်းများ၊
(၂၇) စာရင်းရေးသွင်းခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ဥပဒေ အကြံပေး ဝန်ဆောင်မှု လုပ်ငန်းများ၊
(၂၈) ယာဉ်နှင့် စက်ကိရိယာအမျိုးမျိုး ကြံ့ခိုင်ရေးပြုလုပ်ခြင်း၊ မွမ်းမံခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ၊
(၂၉) လျှပ်စစ်နှင့် အီလက်ထရောနစ် ကုန်ပစ္စည်းများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းနှင့် မွမ်းမံ တည်ဆောက် ခြင်း လုပ်ငန်းများ၊
(၃၀) လယ်ယာကိုင်းကျွန်းနှင့် ဥယာဉ်ခြံမြေထွက် ကုန်ပစ္စည်းများကို စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရိပ်သိမ်းခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်း၊ ထုတ်ပိုးခြင်း၊ ကြိတ်ခွဲခြင်းနှင့် ကုန်ထုတ်လုပ်ခြင်း၊
(၃၁) (ကျွန်းမှအပ) သစ်နှင့် သစ်တောထွက်ပစ္စည်းများအား (သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်) ခုတ်လှဲခြင်း၊ထုတ်ယူခြင်း၊ ခွဲစိတ်ခြင်း၊ ကုန်ထုတ်လုပ်ခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်းနှင့် အသားသေစေခြင်း၊ထုတ်လုပ်ခြင်း
(၃၂) တိရိစ္ဆာန်မွေးမြူခြင်းနှင့် တိရိစ္ဆာန်ထွက်ကုန်ပစ္စည်းများအား ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွပ်ခြင်း၊ထုတ်လုပ်ခြင်း
(၃၃) ရေထွက်ကုန်ပစ္စည်းများအား ဖမ်းယူခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်း၊ ကြိတ်ခွဲခြင်း၊ စည်သွပ်ခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း၊ထုတ်လုပ်ခြင်း
(၃၄) ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် တိရိစ္ဆာန်အစားအစာများထုတ်လုပ်ခြင်း၊ထုတ်လုပ်ခြင်း
(၃၅) လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ထုတ်လုပ်ခြင်း
(၃၆) အိမ်သုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၃၇) ယာဉ်နှင့်စက်ကိရိယာများ၊ အပိုပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၃၈) လက်မှုအနုပညာပစ္စည်းများ၊ ယွန်းထည်များနှင့် ပရိဘောဂများ ထုတ်လုပ်ခြင်း၊
(၃၉) ဆောက်လုပ်ရေးပစ္စည်းများနှင့် သုတ်ဆေးများ ထုတ်လုပ်ခြင်း၊
(၄၀) စက်ရုံသုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၄၁) လျှပ်စစ်နှင့်အီလက်ထရောနစ် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၄၂) အထည်အလိပ်နှင့် အဝတ်အထည်များ ထုတ်လုပ်ခြင်း၊
(၄၃) အစိုးရ၏ ခွင့်ပြုချက်ဖြင့် သတ္တုရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ထွက်ရှိသောကုန်ပစ္စည်းများကို ရောင်းချခြင်းလုပ်ကိုင်ရန်၊
(၄၄) ဆောက်လုပ်ရေးလုပ်ငန်း
(၄၅) ကျောက်မျက်လုပ်ငန်း
(၄၆) ခရီးသွားလုပ်ငန်း
(၄၇) ဟိုတယ်လုပ်ငန်း
(၄၈) အသေးစား ငွေရေး ကြေးရေး လုပ်ငန်း

၆။ ကုမ္ပဏီမှ သင့်တော်လျောက်ပတ်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန် အတွက် မည်သည့်ပုဂ္ဂိုလ်၊ စီးပွားရေး အဖွဲ့အစည်း ၊ ကုမ္ပဏီ ၊ ဘဏ် ၊ သို့မဟုတ် ၊ ငွေကြေး အဖွဲ့အစည်း ထံ မှမဆို ငွေချေးယူရန် ။

ခြွင်းချက် ။ ကုမ္ပဏီသည် အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အတွင်း၌ ဖြစ်စေ ၊ အခြား မည်သည့် အရပ်ဒေသ၌ဖြစ်စေ ၊ အချိန်ကာလအလိုက် တည်မြဲနေသော တရား ဥပဒေ များ ၊ အမိန့်ကြော်ငြာစာများ ၊ အမိန့်များ က ခွင့် ပြုထားသည့် လုပ်ငန်းများမှအပ အခြား လုပ်ငန်းများ ကို လုပ်ကိုင် ဆောင်ရွက်ခြင်း မပြုပါ ။ ထို့အပြင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အတွင်း၌ အချိန် ကာလ အားလျော်စွာ တည်မြဲနေသည့် တရား ဥပဒေပြဋ္ဌာန်းချက်များ ၊ အမိန့် ကြော်ငြာစာများ ၊ အမိန့်များနှင့် လျော်ညီ သင့်တော်ခြင်း သို့မဟုတ် ၊ ခွင့် ပြုထားရှိခြင်း ရှိမှ သာလျှင် လုပ်ငန်းများကို ဆောင်ရွက်မည်ဟု ခြွင်းချက် ထားရှိပါသည်။

အကြောင်းအရာများဖော်ပြထားသော ကျွန်ုပ်တို့သည်သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းအတိုင်းအစုရှယ်ယာများဖြင့်ကန့်သတ်ထားသောအများနှင့်သက်ဆိုင်သည့် ကုမ္ပဏီကို ဖွဲ့စည်းရန်လိုလားကြောင်းနှင့်ကျွန်ုပ်တို့၏အမည်များနှင့်ယှဉ်၍ဖော်ပြထားသည့် ကုမ္ပဏီ၏မတည်ငွေရင်းတွင်အစုရှယ်ယာများရယူလိုကြောင်းအသီးသီးသဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်သူများ၏ အမည်၊ နေရပ်လိပ်စာနှင့် အလုပ်အကိုင်	နိုင်ငံသားနှင့် အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲလက်မှတ်
၁။	ဒေါ်သဲမဥ္ဇူမြင့် အမှတ်(၇)၊ ဝက်ကြီးအင်းရပ် ၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်း။ (ကုန်သည်)	မြန်မာ ၉/ညဥန(နိုင်) ၁၁၂၇၄၆	၁၂၀	
၂။	ဦးမျိုးမင်းဦး အမှတ်(၇)၊ ဝက်ကြီးအင်းရပ် ၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်း။ (ကုန်သည်)	မြန်မာ ၉/ညဥန(နိုင်) ၁၁၃၈၆၇	၁၀၀	
၃။	ဒေါ်ခင်ဝိုင်း ဆုံကုန်းရပ် ၊ ညောင်ဦးမြို့နယ် ၊ မန္တလေးတိုင်း ။ (ကုန်သည်)	မြန်မာ ၉/ညဥန(နိုင်) ၁၀၈၅၀၂	၁၀၀	
၄။	ဦးစိုးလင်းဦး အမှတ်(၃)ရပ်ကွက်၊ ဇေယျဝတီရပ် ၊ ညောင်ဦး မြို့နယ် ၊ မန္တလေးတိုင်း ။ (ကုန်သည်)	မြန်မာ ၉/ညဥန(နိုင်) ၁၁၃၈၆၈	၅၀	
၅။	ဦးနိုင်လင်းဆွေ အမှတ်(၄)၊ ဆုန်ကုန်းရပ် ၊ ညောင်ဦးမြို့နယ် မန္တလေးတိုင်း ။ (ကုန်သည်)	မြန်မာ ၉/ညဥန(နိုင်) ၁၄၈၀၁၁	၅၀	
၆။	ဦးပိုင်စိုးထွန်း အမှတ်(၃)ရပ်ကွက်၊ ဇေယျဝတီရပ် ၊ ညောင်ဦး မြို့နယ် ၊ မန္တလေးတိုင်း ။ (ကုန်သည်)	မြန်မာ ၉/ညဥန(နိုင်) ၁၅၀၂၁၉	၄၀	
၇။	ဦးအောင်ကြည် ကွမ်းခြံရပ်ကွက် ၊ တွံတေးမြို့နယ် ၊ ရန်ကုန်တိုင်း ။ (ကုန်သည်)	မြန်မာ ၁၂/တတန(နိုင်) ၀၀၅၄၁၅	၄၀	

ရန်ကုန်။ နေ့စွဲ၊ ရက်။

အထက်ပါလက်မှတ်ရှင်များသည် ကျွန်ုပ်တို့၏ရှေ့မှောက်တွင်
လက်မှတ်ရေးထိုးကြပါသည်။

ဦးတင်သောင်း H.G.P,B.A(Law);LL.B
တရားလွှတ်တော်ရှေ့နေ

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ အရ

အစုရှယ်ယာများဖြင့် တာဝန်ကန့်သတ်ထားသည့် အများနှင့် သက်ဆိုင်သော

ကုမ္ပဏီ လီမိတက်

ရှင်သန်သူ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

အခန်း(၁)

ကုမ္ပဏီ၏ အမည်

၁။ ဤကုမ္ပဏီ၏ အမည်သည် " ရှင်သန်သူ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်" Shin Than Thu **Public Company Limited** ဖြစ်သည်။

မှတ်ပုံတင်ရုံး

၂။ ဤကုမ္ပဏီ၏ မှတ်ပုံတင်ရုံးသည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တွင် တည်ရှိမည် ဖြစ်သည်။

အများနှင့် သက်ဆိုင်သော ကုမ္ပဏီ

၃။ နောင်တွင် " ရှင်သန်သူ ကုမ္ပဏီ" ဟုခေါ်တွင်မည့် ဤကုမ္ပဏီကို အများနှင့် သက်ဆိုင်သော ကုမ္ပဏီတွင် သတ်မှတ်ထား သော အရည်အချင်းပြည့် အစုရှယ်ယာများ ထည့်ဝင်သူ ဒါရိုက်တာများက အချိုးကျ အစုရှယ်ယာ မတည်ငွေရင်း၏ ရာခိုင်နှုန်း (၁၀) ပါဝင်စေလျက် ကျန် (၉၀)ရာခိုင်နှုန်းကို အောက်ဖော် ပြပါတို့က ပါဝင်နိုင်သည်။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ "အများနှင့် သက်ဆိုင်သော ကုမ္ပဏီ"အဖြစ် တည်ထောင်ခြင်း ဖြစ်သည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသားများ၊

(၂) အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် နိုင်ငံတော်၏ ခွင့်ပြုချက်အရ လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ငန်းနှင့် သက်ဆိုင်သော နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေနှင့်အညီ ဖွဲ့စည်း တည်ထောင်ထားသော အသင်းအဖွဲ့ (အသင်းအဖွဲ့များ)၊ အဖွဲ့ (အဖွဲ့များ)၊ အသင်း(အသင်းများ) သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခု (အဖွဲ့အစည်းများ)၊ စီးပွားရေး လုပ်ငန်းရှင်များ။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ

၄။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက် အားလုံးသည် ဤကုမ္ပဏီနှင့် သက်ဆိုင်ရမည့်အပြင် ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများက အတိအလင်းသော်လည်းကောင်း၊ အဓိပ္ပာယ်သဘောအရသော် လည်းကောင်း ပယ်ဖျက်ခြင်း သို့မဟုတ် မသက်ဆိုင်ရဟု တားမြစ်ခြင်း မပြုသော မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်လည်း ဤကုမ္ပဏီနှင့် သက်ဆိုင်ရမည်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ ခွင့်ပြုမိန့်အတွက် လျှောက်ထားခြင်း

၅။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်တွင် ခွင့်ပြုမိန့်ရရှိရေးအတွက် ကုမ္ပဏီသည် လျှောက်ထားခွင့်ရှိပြီး၊ လျှောက်ထားနိုင်သည်။ ယင်းပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ကုမ္ပဏီသည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေတို့အရ အများပိုင် ကုမ္ပဏီ အဖြစ် မှတ်ပုံတင်ရမည်။

အခန်း(၂)
ကုမ္ပဏီ၏လုပ်ငန်းရည်ရွယ်ချက်များ

၆။ အများနှင့် သက်ဆိုင်သောကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ရခြင်း၏ လုပ်ငန်း ရည်ရွယ်ချက်များမှာ တစ်ဖက် စာမျက်နှာပါအတိုင်း ဖြစ်ပါသည်။ (ပူးတွဲ)

၇။ **ဆင့်ပွား ထောက်မထားသည့် ကုမ္ပဏီ (ကုမ္ပဏီများ) နှင့် ပါဝင် ပူးပေါင်းမှုပြုသော ကုမ္ပဏီ (ကုမ္ပဏီများ) တည်ထောင်၍ အရင်းမြှုပ်နှံခြင်း၊ ယင်းကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ပါဝင်လုပ်ဆောင်ခြင်း။** ယင်းကုမ္ပဏီများသည် မြန်မာနိုင်ငံအတွင်း အများနှင့်မသက်ဆိုင်သော သို့မဟုတ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်နိုင်သည်။ ဆင့်ပွား ထောက်မထားသည့် ကုမ္ပဏီများတွင် မိမိအကျိုးအတွက်အသာစီးဖြင့် ကွပ်ကဲချုပ်ထိန်းမှုပြု လုပ်နိုင်စွမ်းငှာ ယင်းဆင့်ပွား ထောက်မထားသည့် ကုမ္ပဏီ (ကုမ္ပဏီများ)တွင် အနည်းဆုံး (၅၁%) အစုရှယ်ယာကို ကုမ္ပဏီက ပါဝင်ရမည်။ ပါဝင်ပူးပေါင်းမှုပြုသော ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍မူ ကုမ္ပဏီသည် အများဆုံး (၄၉%)၊ ယင်းပူးပေါင်းမှုပြုသောကုမ္ပဏီ (ကုမ္ပဏီများ) တစ်ခုချင်း အလိုက် အစုရှယ်ယာ ပါဝင်နိုင်သည်။

၈။ ဆင့်ပွား ထောက်မထားသည့် ကုမ္ပဏီ (ကုမ္ပဏီများ) ဖွဲ့စည်းခြင်းနှင့် တည်ထောင်ခြင်းတို့၏ ရည်ရွယ်ချက် အကြောင်းနှင့် သို့မဟုတ် ပါဝင်ပူးပေါင်းမှုပြုသော ကုမ္ပဏီ (ကုမ္ပဏီများ) တွင် ရင်းနှီးမြှုပ်နှံမှုပြုတိုင်း ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၏ အဆုံးအဖြတ်ရယူ၍ သေချာစွာဖော်ပြရမည်။

၉။ ကုမ္ပဏီ၏ သဘောထားဆန္ဒအရ သင့်လျော်သည်ဟု ယူဆသောမည်သည့် လူပုဂ္ဂိုလ်ကိုမဆို ကုမ္ပဏီ ကိုယ်စား အေဂျင်စီအဖြစ် ဆောင်ရွက်ရန်၊ ကုမ္ပဏီနှင့် ၎င်း၏ ဒါရိုက်တာများ ဆောင်ရွက်နိုင်သော ကျွမ်းကျင်သူ အတိုင်ပင်ခံ လုပ်ငန်းများ၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးကျွမ်းကျင်မှုများ ပေးအပ်ခြင်းနှင့် ငွေစာရင်းအရာရှိများ၊ လုပ်ငန်း ကြီးကြပ်သူများ၊ ကျွမ်းကျင်သူအတိုင်ပင်ခံ ဥပဒေပညာရှင်များ၊ အကြံပေးသူများ၊ စီမံခန့်ခွဲသူ ကိုယ်စားလှယ်များ ခန့်ထားဆောင်ရွက်နိုင်သည်။

၁၀။ **ငွေစိုက်ထုတ်ပံ့ပိုးမှုလုပ်ငန်း။** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းသော် လည်းကောင်း၊ အခြားဒေသတွင်သော် လည်းကောင်း၊ ငွေစိုက်ထုတ် ပံ့ပိုးမှုလုပ်ငန်း၊ ကုမ္ပဏီများ တည်ထောင်ပေးရန် ကုန်သွယ်မှုလုပ်ငန်းများ အတွက် အာမခံပေးခြင်း၊ ကိုယ်စားလှယ်လုပ်ငန်း၊ ငွေရေးကြေးရေး ကောက်ခံမှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ယုံမှတ်အပ်နှံခြင်းခံရသူများ၊ အကျိုးဆောင်များ၊ ဘဏ္ဍာထိန်းများ၊ ပစ္စည်းသိုလှောင်ရေးလုပ်ငန်း၊ ဈေးသည်လုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် (အသက်အာမခံလုပ်ငန်းမှအပ) အခြားလုပ်ငန်း အမျိုးအစားနှင့်လုပ်ငန်း ဆောင်တာဝယ်ယူခြင်း၊ ရယူခြင်း၊ ကူညီဆောင်ရွက်ခြင်း၊ ငွေကြေး စိုက်ထုတ်ပေးခြင်း၊ ဆက်လက်ဆောင်ရွက်ခြင်း၊ လုပ်ဆောင်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းများ ပြုလုပ်နိုင်သည်။

၁၁။ **အစိုးရနှင့် အခြားမည်သည့် ကုမ္ပဏီများမှ အစုများနှင့် ခံဝန်စာတမ်း ဝယ်ယူခြင်း။** ဆင့်ပွား ထောက်မထားသည့် ကုမ္ပဏီ(ကုမ္ပဏီများ)၊ ပါဝင်ပူးပေါင်းမှုပြုသော ကုမ္ပဏီ(ကုမ္ပဏီများ) အခြား ကုမ္ပဏီများနှင့် အစိုးရ၏ သာမန်အခွင့်အရေး ရရှိသော၊ ရွှေ့ဆိုင်းထားသော၊ အခြား အစုရှယ်ယာများနှင့် မည်သည့် သိုလှောင်ပစ္စည်း၊ ခံဝန်ချုပ်လက်မှတ်၊ ခံဝန်စာတမ်း၊ အပေါင် သို့မဟုတ် အခြား အာမခံများအတွက် လျှောက်ထားခြင်း၊ဝယ်ယူခြင်း၊ လက်ခံခြင်း၊ ဝယ်ယူရန် တောင်းဆိုခြင်း၊ ပိုင်ဆိုင်ခြင်း၊ ရောင်းခြင်းနှင့် လဲလှယ်ခြင်းကို ပြုလုပ်နိုင်သည်။

၁၂။ **ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း၊ စက်ကိရိယာ တန်ဆာပလာများ၊ စက်ပစ္စည်းများဝယ်ခြင်း၊ ရောင်းခြင်း။** ကုမ္ပဏီ၏ ရည်ရွယ်ချက်များကို ဆောင်ရွက်ရာ၌ အကျိုးဖြစ်ထွန်းမှု ရှိစေရန်အလို့ငှာ စက်ပစ⊡စည်း ကိရိယာတန်ဆာပလာများ၊ ကုန်စည်ပစ္စည်းများ၊ သီးနှံထွက် ပစ္စည်းများနှင့် ကုမ္ပဏီအတွက် အခြား အကျိုးဖြစ်ထွန်းမှု ရှိစေရန် အလို့ငှာပစ္စည်းနှင့် အရာဝတ္ထုများကိုပါဝယ်ခြင်း၊ ရောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ တိုးတက် ကောင်းမွန်အောင်ပြုလုပ်ခြင်း၊ ငှားရမ်းခြင်း၊ အငှားချခြင်း၊လဲလှယ်ခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

၁၃။ **ပြည်ပသို့ ကုန်တင်ပို့သူနှင့် ပြည်ပမှ ကုန်တင်သွင်းသူ စသည်များအဖြစ် ဆောင်ရွက်ခြင်း။** ထွက်ကုန် ပစ္စည်းများ၊ ကုန်စည်များ၊ အသုံးအဆောင် ပစ္စည်းများ၏ အမျိုးအစား အသီးသီးတိုင်းကို လည်းကောင်း၊ မည်သည့်အမျိုးအစားကိုမဆိုလည်းကောင်း၊ လက်ကားအားဖြင့်ဖြစ်စေ၊ လက်လီအားဖြင့်ဖြစ်စေ ရောင်းချသော ပြည်ပသို့ ထုတ်ကုန်လုပ်သူများဆိုင်ရာ၊ ပြည်တွင်းသို့ သွင်းကုန်လုပ်သူများဆိုင်ရာ၊ ကုန်ထုတ်သူများဆိုင်ရာ၊ စိုက်ပျိုးသူများဆိုင်ရာနှင့် ရောင်းသူများဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၁၄။ **ကုမ္ပဏီပိုင် ပစ္စည်းနှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ခြင်း။** ကုမ္ပဏီ၏ ပစ္စည်းနှင့်လုပ်ပိုင်ခွင့် အခွင့်အရေးများအားလုံးကို ဖြစ်စေ၊ အစိတ်အပိုင်း တစ်ခုခုကိုဖြစ်စေ ရောင်းရန် သို့မဟုတ် တိုးတက်အောင်ပြုရန် သို့မဟုတ် စီမံအုပ်ချုပ်ရန် သို့မဟုတ် ဖွံ့ဖြိုးစေရန် သို့မဟုတ်လဲလှယ်ရန် သို့မဟုတ် စာချုပ်ဖြင့် အငှားချရန် သို့မဟုတ် ပေါင်နှံရန် သို့မဟုတ် တာဝန်တင်ထားရန် သို့မဟုတ် ထုခွဲရန် သို့မဟုတ် အကျိုးဖြစ်အောင် ပြုရန် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်နိုင်သည်။

၁၅။ **ဥပဒေက ခွင့်ပြုသောလုပ်ငန်းများ ဆောင်ရွက်ခြင်း။** ဥပဒေအရခွင့်ပြုထားသည့် လုပ်ငန်းများနှင့်အမိန့်အရ ဆောင်ရွက်ခွင့်ရှိ၍ အထက်ပါ ရည်ရွယ်ချက်များနှင့် ဆက်စပ်ပြီးသက်သာ လွယ်ကူစွာ ဆောင်ရွက်နိုင်စွမ်း ရှိသည်ဟု ကုမ္ပဏီကယူဆသော သို့မဟုတ် ကုမ္ပဏီ၏ ပစ္စည်းများနှင့် အပိုင်ပစ္စည်းများ၏ တန်ဖိုးတိုးမြှင့်စေမည်ဟုသော်လည်းကောင်း၊ အဆိုပါတို့အား အမြတ်အစွန်း ထွက်စေမည်ဟု သော်လည်းကောင်းတွက်ဆထားသော လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်နိုင်သည်။

၁၆။ **လုပ်ငန်းများကို ရယူခြင်းနှင့် တာဝန်ယူ ဆောင်ရွက်ခြင်း။** ကုမ္ပဏီက ဆောင်ရွက်ရန် အခွင့်အာဏာရှိသော သို့မဟုတ် လက်ရှိ ပိုင်ဆိုင်နေသော ပစ္စည်းနှင့် ဤကုမ္ပဏီ ကိစ္စအလို့ငှာ သင့်လျော်သော လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေသော ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီတစ်ခုခု၏ လုပ်ငန်း၊ ပစ္စည်းများနှင့်ပေးရန် တာဝန်အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရယူရန်နှင့် တာဝန်ယူ ဆောင်ရွက်နိုင်သည်။

၁၇။ **မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း စသည်များ ရယူခြင်း။** ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများအလို့ငှာ လိုအပ်သည်ဟု သို့မဟုတ် သက်သာလွယ်ကူစေမည်ဟု ကုမ္ပဏီကထင်မြင်သည့် မည်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ထို့ပြင်ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုမဆိုလည်းကောင်း၊ မည်သည့်အခွင့်အရေးများ သို့မဟုတ် အခွင့်အလမ်းများကို မဆိုလည်းကောင်း၊ အထူးအားဖြင့် မည်သည့်မြေ၊ အဆောက်အအုံ သုံးစွဲခွင့်များ၊ စက်ကိရိယာများ၊ စက်ရုံနှင့် ကုန်သွယ်ရေးပစ္စည်းကို မဆိုလည်းကောင်း၊ ယေဘုယျအားဖြင့် ဝယ်ယူရန်၊ ရောင်းချရန်၊ အငှားစာချုပ်ဖြင့် ဖြစ်စေ၊ လဲလှယ်ခြင်းဖြင့် ဖြစ်စေ ရယူရန် သို့မဟုတ် ငှားယူရန် သို့မဟုတ် အခြား နည်း ဖြင့် ရယူနိုင်သည်။

၁၈။ **အဆောက်အအုံစသည်များဆောက်လုပ်ခြင်း။** ကုမ္ပဏီ၏ကိစ္စအလို့ငှာ လိုအပ်မည် ဖြစ်သော သို့မဟုတ် သက်သာလွယ်ကူမည်ဖြစ်သော မည်သည့်အဆောက်အအုံများ၊ ဆောက်လုပ်ထားသည့် အရာများ၊ လုပ်ငန်းများနှင့်စက်ရုံများကိုမဆိုတည်ဆောက်ရန်၊ ထိန်းသိမ်းရန်နှင့်ပြုပြင်ရန် ဆောင်ရွက်နိုင်သည်။

၁၉။ **လုပ်ပိုင်ခွင့်များ၊ ပစ္စည်းနှင့် လုပ်ဆောင်ချက်များအတွက် အခပေးခြင်း။** ကုမ္ပဏီက ရယူခဲ့သော အခွင့်အရေးတစ်ခုခုအတွက်ဖြစ်စေ၊ ပစ္စည်းတစ်ခုခုအတွက်ဖြစ်စေ ကုမ္ပဏီအတွက် ဆောင်ရွက်ချက်အတွက်ဖြစ်စေ၊ ပေးချေရန်နှင့် ပေးပို့သော သတင်းအချက်အလက်များ သို့မဟုတ် အကြံပေးချက်များ၊ သို့မဟုတ် ကုမ္ပဏီအတွက်ဖြစ်စေ၊ ကုမ္ပဏီနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးသက်ရောက်သော ဆောင်ရွက်မှု တစ်ခုခုအတွက် အဖိုးအခ ပေးချေရမည်။

၂၀။ **မလိုသေးသောငွေ ရင်းနှီးမြှုပ်နှံခြင်း။** ချက်ချင်းမလိုသေးသော ကုမ္ပဏီ၏ငွေကို အခါကာလအားလျော်စွာ သတ်မှတ်သည့် နည်းလမ်းအတိုင်း ရင်းနှီးမြှုပ်နှံရန်နှင့် ဆောင်ရွက်နိုင်သည်။

၂၁။ **ငွေထုတ်ချေးခြင်း။** သင့်လျော်သော တရားဥပဒေနှင့် ညီညွတ်မည်ဟုထင်မြင်သော စည်းကမ်းချက်များဖြင့်ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အထူးသဖြင့် ကုမ္ပဏီနှင့် ဆက်ဆံဆောင်ရွက်နေသော ပုဂ္ဂိုလ်များသို့ ငွေထုတ်ချေးနိုင်သည်။

၂၂။ **ငွေချေးယူခြင်း။** အာမခံဖြင့်ဖြစ်စေ၊ အာမခံမပါဘဲဖြစ်စေ ငွေချေးယူရန်၊ ထို့အပြင် ကုမ္ပဏီ၏ ပစ္စည်းအားလုံးကို ဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ အပေါင်ဖြင့်သော် လည်းကောင်း၊ ကုမ္ပဏီက သင့်လျော်မည်ဟု ယူဆသော နည်းဖြင့်သော် လည်းကောင်း ချေးယူနိုင်သည်။

၂၃။ **အစုစပ်ပါဝင်ခြင်းနှင့် ဖက်စပ်လုပ်ကိုင်ခြင်း အစရှိသော လုပ်ငန်းများ လုပ်ကိုင်ခြင်း။** ဤကုမ္ပဏီအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်သော လုပ်ငန်းတစ်ခုခုကိုဖြစ်စေ၊ ဆောင်ရွက်ချက်တစ်ခုခုကို ဖြစ်စေ၊ ဆောင်ရွက်ရန် သို့မဟုတ် ပါဝင်ရန် ကုမ္ပဏီက အခွင့် အာဏာရရှိသောလုပ်ငန်း တစ်ခုခုကိုဖြစ်စေ၊ ဆောင်ရွက်ချက်တစ်ခုခုကို ဖြစ်စေ၊ ဆောင်ရွက်နေသော သို့မဟုတ် ပါဝင်ဆောင်ရွက်နေသော သို့မဟုတ် ပါဝင်ဆောင်ရွက်အံ့ဆဲဆဲဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့်ဖြစ်စေ၊ ကုမ္ပဏီတစ်ခုခုနှင့်ဖြစ်စေ အစုစပ်လုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်းများတွင် သော်လည်းကောင်း၊ အမြတ်ခွဲဝေယူရေးအတွက်သော်လည်းကောင်း၊ စီးပွားပူးပေါင်း ဆောင်ရွက်ရေးအတွက်သော် လည်းကောင်း၊ ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ရေးအတွက် သော်လည်းကောင်း၊ အပြန်အလှန် ခွင့်ပြုချက်ပေးရေးအတွက်သော် လည်းကောင်း၊ အခြားနည်းအတွက် သော်လည်းကောင်း ပါဝင်ဆောင်ရွက်နိုင်သည်။

၂၄။ **အစိုးရနှင့်ဖြစ်စေ အာဏာပိုင် တစ်ရပ်ရပ်နှင့်ဖြစ်စေ အစီအစဉ် ပြုလုပ်ခြင်း။** အစိုးရ တစ်ခုခုနှင့်ဖြစ်စေ၊ ဒေသန္တရဆိုင်ရာ သို့မဟုတ် အခြားနည်းဆိုင်ရာ အာဏာပိုင်တစ်ရပ်ရပ်နှင့်ဖြစ်စေ ကုမ္ပဏီ၏ ရည်ရွယ်ချက်များကို သော်လည်းကောင်း၊ အဆိုပါတို့အနက် တစ်ခုခုကိုသော်လည်းကောင်း၊ အထောက်အပံ့ ဖြစ်စေမည်ဟု ထင်မြင်ရသော မည်သည့်စီစဉ်ချက်တွင် မဆိုပါဝင်ရန်၊ ထို့အပြင် အစိုးရတစ်ခုခုမှဖြစ်စေ၊ အာဏာပိုင်တစ်ရပ်ရပ်မှဖြစ်စေ ရယူရန် လိုအပ်သည်ဟု ကုမ္ပဏီက ထင်မြင်သော အခွင့်အရေးများ၊ အခွင့်အလမ်းများနှင့် လုပ်ကိုင်ခွင့်များကို ရယူရန်၊ ထို့ပြင် အဆိုပါ စီစဉ်ချက်များ၊ အခွင့်အရေးများ၊ အခွင့်အလမ်းများနှင့် လုပ်ကိုင်ခွင့်များ တစ်ခုခုကို ဆောင်ရွက်ရန်၊ သုံးစွဲရန်နှင့် လိုက်နာရန် ဖြစ်သည်။

၂၅။ **ကိုယ်စားလှယ်များ။** ကုမ္ပဏီ၏ ယူဆချက်တွင် အမြတ်အစွန်း ရှိမည်ဟု ထင်မြင်သော မည်သည့်ကုမ္ပဏီပုဂ္ဂိုလ်၏ကိုယ်စား၊ ကိုယ်စားလှယ်ဌာနများကို ရယူရန်နှင့် လုပ်ကိုင်ရန် ဆောင်ရွက်နိုင်သည်။

၂၆။ **သင်္ဘောကိုယ်စားလှယ်များ အဖြစ် ဆောင်ရွက်ခြင်း။** သင်္ဘောဖြင့် ပစ္စည်း တင်ပို့သော ကိုယ်စားလှယ်များဆိုင်ရာ၊ ကုန်ပစ္စည်းရှင်းလင်းရေး ကိုယ်စားလှယ်များဆိုင်ရာ၊ သင်္ဘော ကုန်တင်ကုန်ချ လုပ်ကိုင်ခြင်းဆိုင်ရာ၊ ကုန်တင်ရေယာဉ် ပိုင်ရှင်များဆိုင်ရာ၊ သင်္ဘောကုန်တင်ကုန်ချနှင့် ကုန်လှောင်ရုံ ပိုင်ရှင်များဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၂၇။ **ထောက်ပံ့သည့် ရန်ပုံငွေများကို အသင်းများနှင့် အဖွဲ့များ အစရှိသည်တို့ကို တည်ထောင်ခြင်း။** ကုမ္ပဏီ၏ ဝန်ထမ်းများ သို့မဟုတ် ကုမ္ပဏီနှင့် ဆက်သွယ်မှု ရှိသူများအတွက် ရန်ပုံငွေ(များ)၊ ငွေစုစည်းမျဉ်း(စည်းမျဉ်းများ) တည်ထောင်ပေးခြင်းအတွက်အထောက်အကူ၊ အကူအညီပေးမှုနှင့်ကုမ္ပဏီဝန်ထမ်း သို့မဟုတ်ကုမ္ပဏီနှင့် ဆက်သွယ်သူတို့အတွက် အကျိုးဖြစ်မည့် အဖွဲ့အစည်းသော် လည်း

ကောင်း၊ တွက်ချက်၍ ရနိုင်သည့် အခါအခွင့်သင့်ခြင်းဖြစ်မည့် ကိစ္စများဆောင်ရွက်ပေးခြင်းနှင့် အလှူဒါန ခံယူသော သို့မဟုတ် စေတနာစိတ်ဓာတ်ဖြင့် ပေးခြင်းကို ခံယူသော ကိစ္စများ သို့မဟုတ် မည်သည့်ပြပွဲမဆို သို့မဟုတ် အများအတွက် သို့မဟုတ် ယေဘုယျအားဖြင့် သို့မဟုတ် အကျိုးရှိမည့်ကိစ္စရပ်များ အတွက်ထောက်ပံ့ရန် ဆောင်ရွက်နိုင်သည်။

၂၈။ **စီမံခန့်ခွဲသူအဖြစ်နှင့် စီမံခန့်ခွဲသူ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခြင်း။** ကုမ္ပဏီ၏ ဒါရိုက်တာများက စွမ်းဆောင်နိုင်သော လုပ်ငန်းအမျိုးအစားများအတွက် စီမံခန့်ခွဲသူများအဖြစ် ဖြစ်စေ၊ စီမံခန့်ခွဲသူ ကိုယ်စားလှယ်များအဖြစ်ဖြစ်စေ၊ အကြံပေးသူများအဖြစ်ဖြစ်စေ၊ အတိုင်ပင်ခံများအဖြစ်ဖြစ်စေ၊ လုပ်ငန်းကြီးကြပ်သူများအဖြစ် ဖြစ်စေ၊ ကွပ်ကဲထိန်းချုပ်သူများအဖြစ် ဖြစ်စေ ဆောင်ရွက်ရန်၊ ထို့အပြင် လုပ်ငန်းတိုးတက်မှု အကဲဖြတ်ကျွမ်းကျင်သူအဖြစ် ဖြစ်စေ၊ အကြံပေး ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူအဖြစ်ဖြစ်စေ ဆောင်ရွက်ရန်နှင့် အလားတူ လုပ်ဆောင်ချက်များအတွက် အခြားသူများကို ငှားရမ်းရန် ဆောင်ရွက်ခွင့်ရှိသည်။

၂၉။ **ငွေလွှဲစာချုပ်ကို ပြုလုပ်ခြင်း၊ လက်ခံခြင်းနှင့် လက်မှတ်ထိုးခြင်း။** ငွေပေးကတိ လက်မှတ်များ၊ ငွေလွှဲစာချုပ်များ၊ ကုန်တင်လက်မှတ်များ၊ အခွင့်အရေးများ၊ ဒီဘင်ချာများနှင့် အခြားစေ့စပ်လွှဲပြောင်းနိုင်သော သို့မဟုတ် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများကို လက်မှတ်ထိုးရန်၊ ပြုရန်၊ လက်ခံရန်၊ ထပ်ဆင့်လက်မှတ်ရေးထိုးရန်၊ လျှော့နှုန်းဖြင့်လဲရန်၊ ချုပ်ဆိုရန်နှင့် ထုတ်ပေးရန် ဆောင်ရွက်ခွင့်ရှိသည်။

၃၀။ **ဖွဲ့စည်းခြင်းတည်ထောင်ခြင်းဆိုင်ရာစရိတ်များပေးချေခြင်း။** ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားမည်သည့်ဒေသတွင်ဖြစ်စေ ကုမ္ပဏီကို ဖွဲ့စည်းခြင်းဆိုင်ရာ၊ စတင် တည်ထောင်ခြင်း ဆိုင်ရာ အဖိုးအခများ၊ စရိတ်များကိုလည်းကောင်း၊ ရှေးဦးဖြစ်သော လုပ်ငန်းနှင့် အကြောင်းသင့် ဆက်စပ်နေသောကုန်ကျစရိတ်များကိုလည်းကောင်း ထုတ်ပေးရမည်။

ချွင်းချက်။ ကုမ္ပဏီသည် အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအတွင်း၌ ဖြစ်စေ၊ အခြားအရပ်ဒေသ တစ်ခုခု၌ဖြစ်စေ၊ အချိန်အခါ အားလျော်စွာ တည်မြဲနေသည့် ဥပဒေများက ခွင့်ပြုထားသော လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုပါ။ ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွင်း၌ အချိန်အခါ အားလျော်စွာတည်မြဲနေသည့် ဥပဒေပြဌာန်းချက်များ၏ ခွင့်ပြုချက်နှင့် သဘောတူညီချက်ရရှိထားသော လုပ်ငန်းများကိုသာ ဆောင်ရွက်မည်ဟု ချွင်းချက်ထားရှိသည်။

တာဝန်ကို ကန့်သတ်ခြင်း

၃၁။ ကုမ္ပဏီအဖွဲ့ဝင်များ၏ တာဝန်ကို ကန့်သတ်ထားသည်။

အခန်း(၃)
မတည်ငွေရင်း

၃၂။ ကုမ္ပဏီ၏မတည်ငွေရင်းအစုရှယ်ယာသည် --၁,၀၀၀,၀၀၀,၀၀၀---/-(ငွေကျပ် ----သိန်းတစ်ထောင်-------တိတိ) ကို အောက်ပါအတိုင်းခွဲထားသည်-

ရှယ်ယာများ

၃၃။ **“က” အစုရှယ်ယာ။** အစုရှယ်ယာတစ်စုကို ကျပ်၁၀၀,၀၀၀/- ဖြစ်သောအစုပေါင်း --၅၀၀--- = --၅၀,၀၀၀,၀၀၀----/- “က” အစုရှယ်ယာများကို အများနှင့် သက်ဆိုင်သော ကုမ္ပဏီတွင် သတ်မှတ်ထားသော အရည်အချင်းပြည့် အစုရှယ်ယာများ ထည့်ဝင်သူ ဒါရိုက်တာများက ပိုင်ရမည်။

၃၄။ **“ခ” အစုရှယ်ယာ။** အစုရှယ်ယာတစ်စုကိုကျပ် ၁၀၀,၀၀၀/- ဖြစ်သောအစုပေါင်း --၉၅၀၀---- = -၉၅၀,၀၀၀,၀၀၀-- /- “ခ” အစုရှယ်ယာများကို အောက်ပါအတိုင်း ပိုင်ရမည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ နိုင်ငံသားများ၊

(၂) အများနှင့် သက်ဆိုင်သော ကုမ္ပဏီသည် နိုင်ငံတော်၏ခွင့်ပြုချက်အရ လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ငန်းနှင့် သက်ဆိုင်သော နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော အသင်းအဖွဲ့ (အသင်း အဖွဲ့များ)၊ အဖွဲ့ (အဖွဲ့များ)၊ အသင်း (အသင်းများ) သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခု (အဖွဲ့အစည်းများ)၊စီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းဆိုင်ရာ တောင်သူလယ်သမားများ။

မှတ်ချက်။ ။ “ခ” အစုရှယ်ယာများထဲမှ မြန်မာနိုင်ငံသား တစ်ဦးချင်းအနေဖြင့် တစ်စုကျပ် ------------/- ဖြစ်သော “ခ” အစုရှယ်ယာ -----------------အထိ အများဆုံးပိုင်ဆိုင်နိုင်ကြောင်း သတ်မှတ်သည်။ သို့မဟုတ် သာမန်တန်ဖိုးကျပ်-----------------------/- ။

တာဝန်နှင့်ဝတ္တရား

၃၅။ “က” နှင့် “ခ” အစုရှယ်ယာတို့၏ အခွင့်အရေးတာဝန်နှင့် ဝတ္တရားတို့မှာ နှိုင်းခိုင်း၍ တူညီမှုဖြစ်နေရမည်။ သို့ရာတွင် အများစု အစုရှယ်ယာပိုင် “က” အစုရှယ်ယာပိုင်များသည် ဆင့်ပွားထောက်မထားသည့် ကုမ္ပဏီ(ကုမ္ပဏီများ) ၏ စီမံခန့်ခွဲအုပ်ချုပ်မှုတွင် အသာစီးဖြင့် ကွပ်ကဲ အုပ်ချုပ်ထိန်းသိမ်းမှု ရှိရမည်။ ထို့အပြင် ဆင့်ပွား ထောက်မထားသည့် ကုမ္ပဏီ၏ ဒါရိုက်တာ အများစုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သည့်နည်းနှင့်သော်လည်းကောင်း ကွပ်ကဲထိန်းချုပ်ရမည်။

မတည်ငွေရင်းတိုးမြှင့်ခြင်း၊ လျှော့ချခြင်းအာဏာ

၃၆။ ကုမ္ပဏီသည် ဒါရိုက်တာများအနေနှင့် မည်သည့်အခါမဆို သင့်လျော်မည် သို့မဟုတ် လိုအပ်မည်ဟု ထင်မြင်ယူဆလျှင် ကုမ္ပဏီသည် မတည်ငွေရင်းကို အခါအားလျော်စွာတိုးမြှင့်ခြင်း သို့မဟုတ် လျှော့ချခြင်း ပြုလုပ်ပိုင်ခွင့်ရှိစေရမည်။ မတည်ငွေရင်းကို တိုးမြှင့်ရာ၌ အစုရှယ်ယာ အသစ်များကို ဦးစားပေးဆိုင်းငံ့ သို့မဟုတ် အထူးရပိုင်ခွင့်များ၊ အခွင့်အလမ်းများနှင့် စည်းကမ်းချက်များပါ အစုရှယ်ယာဟူ၍ ထုတ်ပေးနိုင်သည်။ သို့သော်လည်း အစုရှယ်ယာများပါ ဦးစားပေး၊ ဆိုင်းငံ့၊ ကန့်သတ် သို့မဟုတ် အထူးရပိုင်ခွင့်များ၊ အခွင့်အလမ်းများ သို့မဟုတ် စည်းကမ်းချက်များကို ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းများနှင့် အညီသာလျှင် ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း ပြုလုပ်နိုင်သည်။ အခြားနည်းဖြင့် ဆောင်ရွက်ခွင့် မရှိစေရ။ အောက်တွင်ပါရှိသည့် အမည်များ၊ လိပ်စာများ၊

SHIN THAN THU PUBLIC CO.,LTD

No.(28), Kan Street, Lamin Condo, Room No.(5-A), Hlaing Township, Yangon.
PH: 09-5062764, 01-2305072, 01-2305073

Shin Than Thu Public Co.,Ltd
No ....
Date ....

သို့

ညွှန်ကြားရေးမှူးချုပ်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ရုံးအမှတ်(၃၂)၊ နေပြည်တော်။

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇက်တင်ဘာလ (၁၄) ရက်။

အကြောင်းအရာ။ ။ ပုံစံ (၆/ ၂၆) မှတ်ပုံတင် တင်ပြခြင်း။

ကျွန်တော်များ " Shin Than Thu Public Co.,Ltd " ၏ ပုံစံ(၆/ ၂၆) မှတ်ပုံတင် တင်ပြရန်အတွက် သတ်မှတ်ပုံစံများတွင် ဖြည့်စွက်ပြီးကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြမှတ်ပုံတင်အပ်ပါသည်။ မှတ်ပုံတင်ကြေးများကိုလည်း ပေးသွင်းပြီးဖြစ်ပါသည်။

လေးစားစွာဖြင့်

Daw Thae Myintzu Myint
Managing Director
Shin Than Thu Public Co.,Ltd

SHIN THAN THU PUBLIC CO.,LTD

No.(28), Kan Street, Lamin Condo, Room No.(5-A), Hlaing Township, Yangon.
PH: 09-5062764, 01-2305072, 01-2305073

(၁၄ - ၉ - ၂၀၀၆)ရက်နေ့ " Shin Than Thu Public Co.,Ltd " ၏ ကုမ္ပဏီရုံးခန်းတွင်
ပြုလုပ်သော ဒါရိုက်တာအစည်းအဝေးမှတ်တမ်း

အစည်းအဝေးတက်ရောက်သူများ

၁။	ဒေါ်သဲမဥ္ဇူမြင့်	-	မန်နေးဂျင်းဒါရိုက်တာ
၂။	ဦးမျိုးမင်းဦး	-	ဒါရိုက်တာ
၃။	ဒေါ်ခင်ဝိုင်း	-	ဒါရိုက်တာ
၄။	ဦးစိုးလင်းဦး	-	ဒါရိုက်တာ
၅။	ဦးနိုင်လင်းဆွေ	-	ဒါရိုက်တာ
၆။	ဦးပိုင်စိုးထွန်း	-	ဒါရိုက်တာ
၇။	ဦးအောင်ကြည်	-	ဒါရိုက်တာ

xxxxxxxxxxxx

အစည်းအဝေးဆုံးဖြတ်ချက်များ

၁။ ကုမ္ပဏီ၏ လုပ်ငန်းလိုအပ်ချက်အရ ဒေါ်သဲမဥ္ဇူမြင့် အား ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာအဖြစ် လည်းကောင်း၊ ဦးမျိုးမင်းဦး၊ ဒေါ်ခင်ဝိုင်း၊ ဦးစိုးလင်းဦး၊ ဦးနိုင်လင်းဆွေ၊ ဦးပိုင်စိုးထွန်း နှင့် ဦးအောင်ကြည် တို့အား အဖွဲ့ဝင်ဒါရိုက်တာများအဖြစ်လည်းကောင်း ခန့်အပ်ရန် ဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏မတည်ရင်းနှီးငွေမှာ ကျပ် ၁,၀၀၀,၀၀၀,၀၀၀/-ဖြစ်၍ အစုရှယ်ယာတစ်စုလျှင် ငွေကျပ် ၁၀၀,၀၀၀/- တန်ဖိုးရှိသော အစုရှယ်ယာပေါင်း (၁၀,၀၀၀)ရှိသည့်အနက်မှ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်သဲမဥ္ဇူမြင့် မှ ငွေကျပ် ၁၀၀,၀၀၀/- တန်ဖိုးရှိသော အစုရှယ်ယာ (၁၂၀)စုအား လည်းကောင်း၊ ဒါရိုက်တာများဖြစ်ကြသော ဦးမျိုးမင်းဦး နှင့် ဒေါ်ခင်ဝိုင်း တို့မှ ငွေကျပ် ၁၀၀,၀၀၀/- တန်ဖိုးရှိသော အစုရှယ်ယာ (၁၀၀)စုစီအားလည်းကောင်း၊ ထပ်မံ၍ ဒါရိုက်တာများ ဖြစ်ကြသော ဦးစိုးလင်းဦး နှင့် ဦးနိုင်လင်းဆွေ တို့မှ အစုရှယ်ယာ(၅၀)စုစီအားလည်းကောင်း၊ ထပ်မံ၍ ဒါရိုက်တာများ ဖြစ်ကြသော ဦးပိုင်စိုးထွန်း နှင့် ဦးအောင်ကြည် တို့မှ အစုရှယ်ယာ(၄၀)စုစီအား အသီးသီး ငွေအားလုံး ပေးချေပြီးစနစ်ဖြင့် ဒါရိုက်တာအဖွဲ့ဝင်(၇)ဦးက ဝယ်ယူပြီးမြောက်ကြောင်း အတည်ပြုပါသည်။

၃။ ကုမ္ပဏီ၏ လုပ်ငန်းလိုအပ်ချက်ရှိသည့်အခါမှသာ ထပ်မံ၍ ဒါရိုက်တာအဖွဲ့ဝင်များ တိုးခြင်း၊ လျှော့ခြင်း နှင့် အစုရှယ်ယာများ ခွဲဝေရောင်းချခြင်းတို့ကိုပြုလုပ်ရန် အတည်ပြုဆုံးဖြတ်ကြပါသည်။

၄။ အထက်ပါအစည်းအဝေးဆုံးဖြတ်ချက်များကို ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ ပေးပို့ရန်ဆုံးဖြတ်ကြပါသည်။

မှတ်တမ်းတင်အတည်ပြုသူ

Daw Thae Myintzu Myint
Managing Director
Shin Than Thu Public Co.,Ltd

FORM VI

RETURN OF ALLOTMENTS
THE MYANMAR COMPANIEES ACT.

(See Section 104)

(To be filed with the Registrar within one month after the allotment is made)

Return of allotment from the 14th of September 2016

on the of . of * Shin Than Thu Public Co.,Ltd

Made pursuant to Section 104 (1)

Number of the shares of allotted payable in cash -------- 500 Shares

" " " " --------

Nominal amount of the shares so allotted -------- 50,000,000/-

" " " " --------

Amount paid or due and payable on cash such share -------- Ks - 100,000/-

" " " " -------- (Fully Paid Up)

Number of ordinary shares allotted for a consideration other than cash

Nominal amount to be ordinary shares so allotted --------

Amount to be treated as paid on each such share --------

The consideration for which such share have been allotted is as follow: -

---

NOTE: In making a return of allotted under Section 104 (1) the Myanmar Companies Act., it is to be noted that-

1. When a return include several allotments made on different dates, the actual date of only the first and last of such allotment should be entered at the tip of the front page, and the registration of the return should be efferected within one month of the first date.

2. When a return relates to one allotment only, made on one particular date. that date only should be inserted and the spaces for the second date struck out and the world made substituted for the world " From " after the world " allotment " above.

Here insert name of Company.

Distinguish between preference, ordinary, or other description of shares.

---

resented for filling by : Daw Thae Myintzu Myint (Managing Director)

Name. Address and Description of Allottes

me & N.R.C No	Address	Description	Number of the shares allotted	
			Preference	ordinary
. Daw Thae Myintzu Myint 9/Nya Ou Na (Naing) 112746	No.(7), Watkyeeinn, Nyaung Oo Township, Mandalay.	Merchant		120 Shares
. U Myo Min Oo 9/Nya Ou Na (Naing) 113867	No.(7), Watkyeeinn, Nyaung Oo Township, Mandalay.	Merchant		100 Shares
. Daw Khin Wine 9/Nya Ou Na (Naing) 108502	Sone Gone, Nyaung Oo Township, Mandalay.	Merchant		100 Shares
. U Soe Linn Oo 9/Nya Ou Na (Naing) 113868	Ward No.(3), Zaya Waddy, Nyaung Oo Township, Mandalay.	Merchant		50 Shares
. U Naing Linn Swe 9/Nya Ou Na (Naing) 148011	Ward No.(4), Sone Gone, Nyaung Oo Township, Mandalay.	Merchant		50 Shares
. U Paiug Soe Tun 9/Nya Ou Na (Naing) 150219	Ward No.(3), Zaya Waddy, Nyaung Oo Township, Mandalay.	Merchant		40 Shares
. U Aung Kyi 12/Ta Ta Na (Naing) 005415	Kwun Chan Quarter, Tontae Township, Yangon.	Merchant		40 Shares
			Total	500 Shares

;nature

te - 14 - 9 - 2016

ANAGING DIRECTOR

Daw Thae Myintzu Myint
Managing Director
Shin Than Thu Public Co.,Ltd

Shin Than Thu Public Co.,Ltd
No ....
Date ....